

NEW IDEA
စိတ်ကူးသစ်စာပေ

မောင်မြတ်မိုး၊
စိုးထိုက်၊
တိုးထက်၊
သင်းမြတ်ကို၊
နီတာဦး(ဥက္ကာမြေ)
နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)

# တစ္ဆေကာလဲ့စား
နှင့်
# ဝိညာဉ်လောက

ဝတ္ထုတိုများ



# သားနှစ် ယောက် နဲ့ လူတစ်ကိုယ်

(စိုးထိုက်)

ပေါသည် သူ့မိန်းမအတွက် စိုးရိမ်သော က ရောက်နေရသည်။ သူမမှာ စိတ်တင်းကျပ်ကာ ဖျားနာနေသည့်ပုံပေါ်နေသည်။ မျက်တွင်းများ ချိုင့်ကာ မျက်နှာမှာ လည်း ဖြူဖပ်ဖြူလျော် ဖြစ်လျက်။ သူမသည် သူတို့၏ သားလေးဒေးဗစ်ကို ပြု စုစောင့်ရှောက်နေသည်မှာ တော့မှန်သည်။ သို့ သော် လည်း ကိုယ့်ကိုယ်ကို ဂရုစိုက်မှု များ ကိုတော့ လျစ်လျူရှုထားပေသည်။ အိမ်မှာ လည်း ယခင်ကထက်ပို၍ ရှုပ်ထွေးကာ မသပ်မရပ် ဖြစ်လာနေတော့၏ ။ သို့ သော် လည်း 'နေကောင်းရဲ့ လား' ဟု သူမကို မေးသည့် အခါတိုင်း 'နေကောင်းပါတယ် တကယ်ပါ' ဟုသာ ဖြေတတ်သည်။ သူမ၏ အသံတွင် မနှစ် မြို့ သော လေသံများ က ကိန်းအောင်းနေသည်ဟု သူထင်သည်။ သူမတွင် တစ်စုံတစ်ရာလျို့ဝှက်စရာ အကြောင်းတစ်ခုခု ရှိနေသည်ဟုတော့ သူအသေအချာ သိနေပါသည်။

တစ်ည။ သူက သူမကို ပွင့်ပွင့် လင်းလင်းပင် ပြောလိုက်၏ ။

"မိုလီ လျို့ ဝှက်ထိန်ချန်ထားတာမျိုး ကို ကိုယ်မကြိုက်ဘူး၊ မင်းမှာ တစ်စုံတစ်ရာ စိုးရိမ်သော ကရောက်စရာရှိရင် ကိုယ့်ကို ပြောသင့်တယ် ထင်တယ်"

"မိုလီ့မှာ ဘာစိုးရိမ်သော က ရောက်စရာမှမရှိဘဲ"

"မိုလီ ကိုယ်ကန်းနေတာမှ မဟုတ်ဘဲ၊ မင်းရဲ့ ပုံစံက တကယ့်ကို နေမကောင်းနေတဲ့ပုံပဲ၊ ဒါပေမဲ့ မင်းဟာ ရုပ်ပိုင်းဆိုင်ရာ မကျန်မာတာမျိုး မဟုတ်ဘဲ၊ စိတ်ပိုင်းဆိုင်ရာ တစ်ခုခု ဖြစ်နေတဲ့ပုံမျိုး မင်းကိုယ့်ကို မပြောပြနိုင်ဘူးလား"

"ပြောစရာမှမရှိဘဲ၊ ကျွန်မတို့ကို ထားသာထားခဲ့ပါတော့"

“ကျွန်မတို့ကို ဟုတ်လား၊ ကျွန်မတို့ဆိုတာ ဘယ်သူတွေ လဲ”

“ဪ ဟိုကျွန်မလို့ ဆိုလိုတာပါ”

“ဒါပေမဲ့ မင်းပြောတော့ ကျွန်မတို့ဆို”

“ဒါက ကျွန်မ စကားမှာ းသွားတာပါ”

သူမက ရယ်သွမ်းသွေးကာ စကားကိုလှီးလွှဲသည်။

“ဒေးဗစ်ကော နေကောင်းရဲ့ လား”

“ဒေးဗစ် ဘာမှမ ဖြစ်ပါဘူး”

သူမက မကြည်မသာ ပြန်ပြောသည်။

“ဒေးဗစ် ဘာမှတော့ ဖြစ်မှာ မဟုတ်ပါဘူး”

သူက သိမ်မွေ့စွာ ပြောသည်။

“မိုလီ ဟို”

ယခုအခါ သူသည် တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေ၏ ။ စိတ်မကောင်းစရာအကြောင်းတရာများ ကို မပြောချင်။ သို့သော် သူသည် ပြောရတော့မည် ဟုလည်း သိနေသည်။

“မိုလီ မင်း ရှိနယ်အကြောင်း မတွေ းမိဘူးလား”

“ကို ဘာကိုဆိုလိုတာလဲ”

သူမက သတိနှင့် ပြောသည်။

“အဲဒီ တုန်းကဆို မင်းဟာ တော် တော့်ကို အံ့ဩဖို့ ကောင်းခဲ့တယ်၊ မင်းဟာ ဘာစိတ်လှုပ်ရှားမှု မျိုး မှ မပြခဲ့ဘူး၊ ဒါပေမဲ့ ရှိနယ်ဟာ မင်းအတွက် ဘယ်လောက် အဓိပ္ပာယ်ရှိတယ်ဆိုတာကို သိပါတယ်၊ လေးနှစ် အရွယ် သားလေး တစ်ယောက်

သေဆုံးတဲ့အခါ မိခင်တိုင်း ခံစားရတဲ့ သော ကကိုလဲ ကိုယ်သဘောပေါက်ပါတယ်၊ မိုလီ့မှာ ဖြစ်နေတဲ့ စိတ်ခံစားမှု ဟာ ဒါလဲ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ မင်းဟာ သားကြီးရှိနယ်သေဆုံးရတဲ့ ကိစ္စအတွက် တော် တော် ခံစား နေရတယ်လို့ကိုထင်တယ်။ ပွင့်ပွင့်လင်းလင်း ပြောပါ မိုလီ၊ ရှိနယ် အကြောင်း အတွေး များ လွန်ခဲ့သလား၊ ဒေးဗစ်ကို ပြုစု စောင့်ရှောက် နေရတာ က သေဆုံးသွားတဲ့ သူ့အစ်ကို ရှိနယ်ကို သတိရစရာတွေ များ ဖြစ်နေသလား၊ မိုလီ”

“ဒေးဗစ်ကို ပြုစုစောင့်ရှောက်ရတာ ဟာ ရှိနယ်ကို သတိရစရာ မ ဖြစ်ပါဘူး”

သူ့မိန်းမက အေးစက်စက်နှင့် ပြောသည်။

“သူတို့ ညီအစ်ကိုနှစ် ယောက် ဟာ တူမတူဘဲ။ ဒေးဗစ်က ကိုယ်နဲ့တူတယ်လေ။ သူက ကိုယ့်ရဲ့ မျက်လုံးမျိုး ဆံပင်မျိုး ။ နက်မှောင်တယ်။ မေးစေ့ကလေးကလဲ ကိုယ်လိုပဲ ချွ ှင့်လို့”

“ရှိနယ်ကလဲ မင်းနဲ့တော် တော် တူတာပဲ”

ပေါက ပြောသည်။

“သူ့ အသွင်သဏ္ဍာန်အားလုံးက မင်းနဲ့ တစ်ပုံစံတည်းပဲ”

“ဟုတ်တယ်လေ ဒါကြောင့် လဲ ဒေးဗစ်က ကျွန်မကို ရှိနယ့်ကို သတိရအောင် မလုပ်နိုင်ဘူးလို့ပြောတာပေ့ါ”

“ဒါပေမဲ့ မင်းရှိနယ့်အကြောင်းကို အများ ကြီးတွေ းခဲ့တယ် မဟုတ်လား”

သူက ကြားဖြတ်ပြောလိုက်၏ ။

“မင်းဟာ သူ့ကို သတိရစိတ်နှင့် စိတ်ဒုက္ခရောက်နေတယ်၊ ကိုယ့်ကို စိတ်ဒုက္ခမရောက်စေချင်တဲ့သဘောနဲ့ ဘာမှမပြောဘူး။ ကိုယ့်ကို မျှဝေခံစားချင်တယ် မိုလီ။ မိခင် တစ်ယောက် ဟာ ဘယ်လို ကလေးကို ပြုစုရ၊ ပြုစုရတယ်ဆိုရင် သူနာပြုစု စောင့်ရှောက်ခဲ့ဖူးတဲ့ ကလေးကိုဘဲ သတိရတတ်တာ သဘာဝ ပါပဲ၊ ကိုယ့်ကိုယ်လဲ

သိပ်မညှင်းဆဲပါနဲ့ကွယ်”

“ကိုယ်က မိုလီဟာ ဒေးဗစ်ကိုပြုစုစောင့်ရှောက်ရလို့ စိတ်ဒုက္ခရောက်နေတယ်လို့ ဆိုလိုတာလား၊ ကျွန်မ ဒေးဗစ်ကို ချစ်လို့ပြုစုနေတာပဲ၊ ကလေးတွေ ဟာ ကျွန်မရဲ့ ဘဝပဲ”

မိုလီက ခပ်မာမာပြောသည်။

သူသည်ကလေးဟု မပြောဘဲ ကလေးတွေ ဟု ပြောလိုက်သော သူမ၏ စကားကို သတိထားလိုက်မိသည်။ ဤစကားမှာ ထူးဆန်းနေသည်ဟုလည်းတွေ းမိ၏ ။ သို့သော် သူမစိတ်ကသိကအောင့် ဖြစ်မည် စိုးသော ကြောင့် ထပ်မံ၍ အငြင်းမပွားချင်တော့။ သူသည် သူမပိုမို စိတ်ဆင်းရဲသွားမည် ကို မလိုလား။ ယခုကဲ့သို့ အမြင်မတူသော ခံစားမှု မျိုးသည် သူ့တွင် တစ်ခါမျှမ ဖြစ်ဖူးခဲ့။ သူတို့ နှစ် ယောက် ကြားတွင် ဘာတွေ ဖြစ်နေသည်ကို သူနားမလည်။

“မိုလီ”

အဖြေတစ်ခု ကြိုး စားရှာဖွေရန်ဟူသော ရည်ရွယ်ချက်ဖြင့် သူက စတင်လိုက်သည်။

“ကိုက ရှိနယ့်ကို မေ့နေလို့ ရှိနယ်အကြောင်း မပြောလို့များ မင်းခံစား နေရသလား”

“ကျွန်မ ဒီကိစ္စကို စိတ်ရှုပ်ခံပြီး မတွေ းမိပါဘူး၊ ဒါပေမဲ့ ခုတော့ တွေ းမိလာပြီ ကိုယ်ကော ရှိနယ့်ကို မကြာခဏ သတိမရဘူးလား”

“တစ်ခါတစ်ရံတော့ သတိရပါတယ်”

“မကြာခဏ မဟုတ်သေးဘူးပေါ့”

“ရှိနယ်က သေခဲ့ပြီပဲကွယ်”

သူက နူးညံ့စွာ ပြောသည်။

"သေသော သူကြာရင်မေ့ဆိုတယ် မဟုတ်လား"

သူမက သူ့အားရှုံ့ချသော အမူအရာဖြင့် ကြည့်သည်။ လွန်ခဲ့သော တစ်နှစ် က သေခဲ့သော ရိုနယ်သည် သူ့အတွေ းတွင် မရှိခဲ့သည်မှာ အပြစ်ကြီးလို ဖြစ်နေသည်။ တကယ်က သူလည်းရိုနယ်ကိုချစ်သည်သာ။ သို့သော် သူသည်တစ်နေ့လုံးအလုပ်ခွင်မှာ အချိန်ကုန်ရသည်။ သူအလုပ်က ပြန်လာချိန်တွင် ရိုနယ်က အိပ်နေပေပြီ။ စနေ၊ တနင်္ဂနွေရက်များ တွင် သူနှင့် ရိုနယ်ထိတွေ ့ခွင့်ရခဲ့သည်။ ရိုနယ် အသည်းအသန် ဖျားနာပုံ၊ ဆေးရုံတက်ရပုံ၊ သေဆုံးပုံတို့ကို သူသတိမရ၍ မဟုတ်ရသည်။ သို့ သော် ရိုနယ်သေပြီး မကြာမီပင် မွေးဖွားခဲ့သော ဒေးဗစ်နှင့် အမေ ဖြစ်သူမိုလီကို ပြုစုစောင့်ရှောက်ခဲ့ရသော ကြောင့် ထိုအတွေ းများ ကို စိတ်ထဲမှ မောင်းထုတ်ခဲ့ရသည်။

"စိတ်အေးအေးထားပါ မိုလီ ရိုနယ်ဟာ ကိုယ်နဲ့အတူ အတွေ ့နည်းပြီး မင်းနဲ့သာ လက်ပွန်းတတီးရှိခဲ့တာလဲ ပါတာပေါ့ကွယ်"

သူက ပြောသည်။

*

နောက်တစ်နေ့ အလုပ်မှပြန်လာသော အခါ သူသည် သူတို့၏ မိသားစုကိုကြည့်ရှုပေးနေသော စကော့လူမျိုး ဆရာဝန်နှင့် ဝင်ရောက်တွေ ့ဆုံခဲ့သည်။ ဆရာဝန်မှာ ရိုနယ်သေဆုံးခြင်းနှင့် တကွ သူတို့မိသားစုအကြောင်း သိရှိသူလည်း ဖြစ်သည်။ သူက ဆရာဝန်အား သူ့မိန်းမ၏ အခြေအနေကို ပြောပြသည်။

"ဒီကလေးသေဆုံးရမှု ဟာ သူမကို တော် တော် စိတ်ထိခိုက်သေခဲ့ပုံပဲ"

ဆရာဝန်က ပြောသည်။

"ငယ်ရွယ်တဲ့ မိခင် တစ်ယောက် အတွက် သူချစ်တဲ့ကလေးသေဆုံးတဲ့အခါမှာ ဘဝင်လေဟပ်သွားပုံမျိုး ပေါ့"

"သူ့အတွက် ကလေး တစ်ယောက် ရမယ်ဆိုရင် ဒီဝေဒနာတွေ ကို ကုစားနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားခဲ့တာ"

ပေါက ဝမ်းနည်းကြေကွဲစွာ ပြောသည်။

"အချိန်ကကုစားသွားမှာ ပါ။ ခုချိန်မှာ တော့ သူ့ကိုကြင်ကြင်နာနာ ယုယုယယ နေရမယ်နော်"

ဆရာဝန်က မှာ ကြားသည်။

ပေါသည် ရွှင်လန်းအားရစွာ အိမ်သို့ ပြန်ခဲ့သည်။ ရွှင်လန်းအားရမှု များ ကားဘာမျှမကြာလိုက်။ သူသည် အိမ်ရှေ့တံခါးမှ တိတ်တိတ်ကလေး အိမ်ထဲသို့ ဝင်ခဲ့သော အခါ မိုလီ၏ အသံများ ကို ကြားလိုက်ရသည်။

"သားဖေဖေကြီးနည်းနည်း နောက်ကျရင် ဒီနေရာမှာ ကစားကြတာပေါ့။ သားနဲ့မေမေ့အတွက်ကစားရတာ ပျော်စရာကောင်းတယ် မဟုတ်ဘူးလား"

ကလေးနှင့် ကစားနေသော မိုလီကိုတွေ့ ရလိမ့်မည် ဟု မျှော်လင့်ကာ ဧည့်ခန်းတွင်းသို့ သူဝင်ခဲ့သည်။ သို့သော် မိုလီက တစ်ယောက် တည်းသာ။

"ကိုယ်က မင်းနဲ့ဒေးဗစ် ဒီမှာ ကစားနေတယ် ထင်ထားတာ" ဟု သူ ကပြောသည်။

"ဒေးဗစ်ဟုတ်လား၊ သူအိပ်သွားတာကြာပြီပဲ"

"ဒါပေမဲ့ မင်းသူနဲ့ စကားပြောနေတာကို ကိုကြားရတယ်လေ"

"ရှင်ဘာရူးတာလဲ အပေါ်ထပ်က သူ့ပုခက်ထဲမှာ အိပ်နေတဲ့ ကလေးနဲ့ ကျွန်မ ဘယ်လိုလုပ်စကားပြောနိုင်ပါ့မလဲ။ ကျွန်မက ကို့အတွက် ညစာပြင်နေတာလေ"

ရုတ်တရက်ဆိုသလိုပင် သူ့တကိုယ်လုံး အေးစက်တောင့်တင်းသွားမတတ် ဖြစ်ရသည်။ အပေါ်အင်္ကျီပင်မချွတ်တော့ဘဲ မီးဖိုဘေးပြေး၍ အနွေးဓာတ်ယူလိုက်ရသည်။ မိုလီက သူ့အတွက် အစားအစာများ ယူလာသော အခါ သူကမေးသည်။

"ဒါဆို ကိုယ်အိမ်ထဲဝင်လာစက မင်းဘယ်သူနဲ့ စကားပြောနေတာလဲ"

"ဘယ်သူနဲ့မှ မပြောပါဘူး"

"ဒါပေမဲ့ မင်းပြောတာကို ကိုကြားရတာ ပဲ"

"ကျွန်မကိုယ်ကျွန်မ ပြောမိတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါကလဲ လူတွေ ဖြစ်လေ့ ဖြစ်ထရှိတဲ့ သဘာဝ ပဲ"

သူမက အကြောက်အကန်ကာကွယ်ပြောကြားလေသည်။ သူက သူမထံမှ တစ်စုံတစ်ရာကို နှိုက်ယူသွားမည် ကို စိုးရိမ်သည့်ဟန်မျိုး ဖြင့် ပြောသည်။

"ကိုတော့ မိုလီကို ဒေါက်တာမက်ဒေါနယ်နဲ့ တွေ့စေချင်တာပဲ၊ မင်းအခြေအနေဟာ တော် တော် ဆိုးနေပြီ။ သူ မင်းကိုကူညီနိုင်မှာ ပါ" ဟု သူကပြောသည်။

"ဒါတွေ ဘာမှလုပ်ဖို့မလိုပါဘူး၊ မိုလီကောင်းနေတာပဲ"

"မဟုတ်သေးဘူး မိုလီရယ်"

"ဟုတ်တယ် ဒီမေးခွန်းတွေ ၊ သံသယအကြည့်တွေ ၊ ဝေဖန်မှု တွေ ကြောင့် မိုလီစိတ်ထိခိုက်နေရတာ "

မိုလီက ဒေါသတကြီးပြောသည်။

"မိုလီ့မှာ ကလေးတွေ ကို ပြုစုစောင့်ရှောက်နိုင်စွမ်း"

သူမက စကားကို တစ်ဝက်တစ်ပြက်နှင့် ရပ်ကာ ပါးစပ်ကို လက်နှင့် ပိတ်လိုက်သည်။

"ကလေးတွေ "

"ဒေးဗစ်ကိုဆိုလိုတာပါ"

တစ်ခဏမျှတိတ်ဆိတ်သွားသည်။ နောက်ဆုံးသူကပြောသည်။

"ဒါဆို မင်းစိတ်ထဲမှာ ရှိနယ်လ်မသေဘူးပေါ့"

မိုလီသည် ရုတ်တရက်နောက်ဆုတ်သွားသည်။ သူက သူမအား ရုတ်ပုတ်တော့မည် ကို ကြောက်ရွံ့မှု ဖြင့် ဆုတ်သွားခြင်းမျိုး ။ ထိုနောက် သူမက လေသံဖြင့် ပြောလေသည်။

"ကောင်းပါပြီ မိုလီ ကို့ကိုပြောပါတော့မယ်၊ ဒါ လျှို့ ဝှက်ထားလို့လဲရတဲ့ ကိစ္စမဟုတ်ပါဘူး။ ရှိနယ်ဟာမသေဘူး။ တကယ့်ကိုမသေဘူး။ မိုလီတို့တွေ ့ရတဲ့ သူ့ခန္ဓာကိုယ်လေးဟာ တကယ်ရှိနယ်မှမဟုတ်ဘဲ။ သူ့ခန္ဓာကိုယ်ဟာ သူ့ရဲ့ အပေါ်ယံအခွံပဲ၊ တန်ဖိုးမရှိတဲ့ အစိတ်အပိုင်းပဲ၊ အနှစ် မပါတဲ့အကာပဲ။ တကယ့် ရှိနယ်ဟာဒီမှာ ဟောဒီအိမ်ထဲမှာ ရှိတယ်။ မိုလီနဲ့အတူရှိတယ်။ ဘာကြောင့် လဲ မိုလီကသူ့ကိုချစ်ပြီး သူက မိုလီ့ကို ချစ်လို့ပဲကိုရယ် သူ့ကိုမိုလီနဲ့မခွဲပါနဲ့၊ ဒေးဗစ်က ကိုယ့်အတွက်အဓိပ္ပာယ်ရှိတာထက်၊ ရှိနယ်ဟာ မိုလီ့အတွက် ပိုပြီးအဓိပ္ပာယ်ရှိပါတယ်။ ဒေးဗစ်ဟာ ကိုယ့်အသည်းစွဲ ဖြစ်သလို၊ ရှိနယ်ဟာ မိုလီ့ရဲ့ အသည်းပါ။ ဒါတရားမျှတပါတယ်"

"တော် တော့ကွာ ရှိနယ့်ကို သက်ရှိ တစ်ယောက် လို ပြောမနေနဲ့တော့၊ တကယ့် ရူးသွပ်နေတဲ့ မိန်းမ တစ်ယောက် လိုပဲ"

"ရှိနယ်ဟာ ရှင်သန်နေတယ်။ သူဟာမိုလီနဲ့အတူအမြဲရှိတယ်။ ကျွန်မတို့ကိုမခွဲနိုင်ပါဘူး။ ဘာကမှမခွဲနိုင်ဘူး။ သူဟာ ကျွန်မရဲ့ သားဦး၊ သူ့ဘဝနဲ့ မိုလီ့ဘဝဟာအတူတူပဲ။ သူဟာ အခြားကလေးတွေ လို ကြီးထွားလာမှာ မဟုတ်ဘူး။ မပြောင်းလဲတဲ့ အနေအထားနဲ့နေနေမှာ ။ ဒေးဗစ်ကြီးပြင်းလာရင်အိမ်က ခွာချင်မှာ ပဲ။ ဒီအခါ ကိုဟာ ဒေးဗစ်ကို လက်လွှတ်ဆုံးရှုံးရမှာ ပဲ။ မိုလီ ကတော့ ရှိနယ့်ကို ဘယ်တော့မှ ဆုံးရှုံးလိမ့်မယ် မဟုတ်ဘူး"

"မိုလီ မင်းကျန်းမာရေး မကောင်းတော့ဘူး။ ကိုယ်တော် တော့်ကို

မျက်စိကန်းခဲ့တာပဲ၊ ဟိုတုန်းက ဒါကိုမမြင်မိခဲ့ဘူး”

“ကိုဟာ တကယ့်ကိုကန်းနေတာပဲ”

မိုလီက သူ့ကိုလှောင်သည်။

“ရှိနယ် ဒီအိမ်ထဲမှာ အမြဲရှိနေတာ ကိုကိုဟာမတွေ့
မြင်နိုင်လောက်အောင်ကိုကန်းနေတာ၊ သူရှိနေတာကို
အရိပ်အမြွက်ကလေးတောင်သတိမထားမိဘူး။ ဟုတ်တယ်၊ ကိုဟာကန်းနေတာပဲ”

သူသည် ဘာပြော၍ ဘာလုပ်ရမည် ကို မသိတော့။

“ဒေးဗစ်ကလေးကတောင် ကို့ထက်အာရုံခံစားသိရှိသေးတယ်”

သူမက ဆက်ပြောသည်။

“သူဟာ ရှိနယ့်ကိုတစ်စတစ်စ သံယောဇဉ်တွယ်လာနေပြီမို့ မိုလီသိပ်အလုပ်များနေတဲ့အချိန်မှာ ရှိနယ်ဟာဒေးဗစ်နဲ့ကစားတယ်လေ”

“မိုလီ တော် ”

သူက ထိတ်လန့်တုန်လှုပ်မှု နှင့် အော်ဟစ်လိုက်သည်။

“မင်း ဒေးဗစ်ကို ဒီလိုမျက်လှည့်ပြကွက်မျိုး တွေ မလုပ်သင့်ဘူး”

“မျက်လှည့်ပြကွက် ကို့ရဲ့ သားကြီးကို မျက်လှည့်ပြကွက်လို့ သုံးတယ်နော်”

“ကို့သားကြီး ရှိနယ်သေခဲ့ပြီပဲ”

“မသေဘူး”

သူမက စူးစူးဝါးဝါး ပြန်အော်ပြီး သူ့မျက်နှာကို ဖြတ်ရိုက်လိုက်သည်။

သူမက ဝမ်းနည်းစွာ ပြော၏ ။

“ကို မိုလီကို လွှတ်ပါ။ ဖေဖေတောင် မိုလီ့ကို နာကျင်အောင် မလုပ်ခဲ့ဖူးဘူး”

ပေါသည် သူမ၏ လက်များ က မီးကဲ့သို့ လောင်ကျွမ်းသည့် အလားလွှတ်ချပေးလိုက် သည်။

"ငါ စိတ်ထိန်းမှ ဖြစ်မယ်။ သူက နေကောင်းတာမဟုတ်ဘူး။ သူ့ကိုငါစောင့်ရှောက်ရမယ်" ဟု သူတွေ းသည်။

ထိုညက သူအိပ်မပျော်။ ဘာလုပ်ရမည် ၊ ဘာဆုံးဖြတ်ရမည် ကို စဉ်းစားရင်းတလူးလိမ့်လိမ့်။ နောက်တစ်နေ့ မနက်ခင်းတွင် မိုလီက ထုံးစံအတိုင်းအိပ်ရာမှ စောစောထသည်။ မနက်စာပြင်သည်။ ဒေးဗစ်၏ ဝေယျာဝစ္စများ လုပ်ဆောင်သည်။ မနက်ခင်းလုပ်ငန်းဆောင်တာများ မှာ ပုံမှန်အတိုင်း လည်ပတ်လျက်။ မနေ့ညက ဖြစ်ပွားခဲ့သော ကတောက်ကဆ ကိစ္စများ မှာ ဟုတ်မှဟုတ်ပါလေစဟုပင် ပေါ်မှာ သံသယ ဖြစ်ရသည်။

မနက်စာစားပွဲတွင် သူက မိုလီ့အားဖျောင်းဖျသည်။

"မိုလီ မင်းနည်းနည်း လောက် အနားယူသင့်တယ်ထင်တယ်။ နှစ် ပတ်လောက် ပင်လယ်ကမ်းခြေတစ်နေရာမှာ အနားယူလိုက်ရင် ကောင်းသွားမှာ ပါ။ မင်းကြည့်ရတာ နွမ်းလျနေပုံပဲ။ ကိုတို့ ပင်လယ်ကမ်းခြေသွားနေတဲ့ အချိန်မှာ ဒေးဗစ်ကို ကိုယ့်အမေဆီ ပို့ထားရမှာ ပဲ"

သူမက သူ့ကိုစိုက်ကြည့်ကာပြောသည်။

"ဒီနည်းနဲ့ကိုက မိုလီနဲ့ကလေးတွေ ကိုဝေးအောင် ကြံစည်တာလား"

"မဟုတ်ပါဘူးကွယ်။ အားလပ်ရက်ယူလိုက်ရင် မင်းကောင်းသွားမယ် ထင်လို့ပါ"

"ကို ကလေးတွေ ကို မိုလီ့အပါးက မခွဲ သွားပါနဲ့ ကိုယ်ရယ်"

"ဒီကိစ္စကို ညကျဆက်ပြောကြတာပေါ့၊ ကိုယ် ကတော့မိုလီ့ကို ကိုယ်အကြံပေးတဲ့အတိုင်းပဲ လုပ်စေချင်တယ်လေ။ ကိုယ်တို့ အားလုံးအတွက်ပါ"

သူမသည် မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။ သူ့ကို နှုတ်ပင်မဆက်။

သူနောက်ဆုံးတွေ့မြင်လိုက်ရသည်မှာ သူ့အားဧည့်ခန်း ပြတင်းမှငေးစိုက်ကြည့်နေသော သူမ၏ သဏ္ဌာန်ပင် ဖြစ်သည်။ ထိုစဉ်က သူမ၏ မျက်နှာမှာ ဖျော့တော့နေပြီး၊ ခါးသီးနာကြည်းမှု များ ၊ ဝမ်းနည်းရိပ်များ လွှမ်းလျက်။ သူသည်လည်းအလုပ်သို့ မသွားတော့ဘဲ ဒေါက်တာမက်ဒေါ်နယ်ထံ တန်းသွားကာ အကြောင်းစုံကို ပြောပြ တိုင်ပင်လေသည်။

"စိတ်ကယောင်ချောက်ချား ဖြစ်နေတာ သေချာနေပြီ"

ဆရာဝန်က ပြောသည်။

"ဒါပေမဲ့ သိပ်ပြီး မစိုးရိမ်ပါနဲ့၊ ကျွန်တော် တို့ ကုသရမှာ ပေါ့"

ဆရာဝန်က ပေါ်နားမလည်နိုင်သော ရောဂါ လက္ခဏာများ ကို ဆက်လက်ရှင်းပြနေသည်။ ဆရာဝန်က ထိုညနေတွင် ပေါ်နှင့် မိုလီတို့ထံလာရောက်ကြည့်ရှုမည့် အကြောင်း ကတိပေးသည်။ ထို့နောက်ပေါ်သည် ရုံးသို့ တယ်လီဖုန်းဆက်၍ ခွင့်တိုင်ကြားကာ အိမ်သို့ ပြန်ခဲ့သည်။

သူအိမ်ဝင်းထဲ စတင်ဝင်လိုက်သည်နှင့် တစ်စုံတစ်ရာ မှား ယွင်းနေပြီဟုသိ ရှိလိုက်သည်။ နေရောင် ခြည်က တောက်ပနေပြီး၊ ဥယျာဉ်အတွင်း းမှ နှင်းဆီပန်းများ သည် မွှေးပျံ့လျက်။ တစ်အိမ်လုံးမှာ လည်း ငြိမ်သက်နေသည်။ ငြိမ်သက်သည်မှာ ချောက်ချားဖွယ် တိတ်ဆိတ်ချောက်ကပ် နေခြင်းမျိုး။ လှုပ်ရှားမှု ကင်းမဲ့နေခြင်းမျိုး။ သူအိမ်ထဲသို့ ဝင်ကာ အော်ခေါ် လိုက်သည်။

"မိုလီ"

ဘာသံမှမကြားရ။ အိမ်တွင် မိုလီမရှိသည်မှာ သေချာပေပြီ။ ရေချိုးခန်းထဲဝင်ကြည့်သည်မရှိ။ ဒေးဗစ်၏ ပုခက်ကလေးမှာ လည်း ဟာလာဟင်းလင်း။ နောက်ဆုံးတွင် မီးဖိုချောင်နံရံပေါ်၌

"ကလေးတွေ ကိုခေါ်ပြီး မိုလီ ထွက် သွားပါပြီ။ စိတ်မကောင်းပါ။ မိုလီကိုယ့်ကို ချစ်လျက်ပါ။ ဒါပေမဲ့ မိုလီနဲ့ ကလေးတွေ ကို ခွဲသွားမှာ ကိုတော့ မိုလီမလိုလားဘူး"

ဟူသော ခပ်ဟောဟော့ ရေး ခြစ်ထားသည့်စာကို သူတွေ့လိုက်ရသည်။

နွေးထွေးသော မီးဖိုခန်းအတွင်း မှာ ပင် သူသည် အေးစက်တောင့်တင်းသွားရ၏ ။ ပေါ်မှာ နံ့ရှုံ့မှုစာကို အကြိမ်ကြိမ်ဖတ်ရင်းငိုင်လျက်။ ထိုနောက် မိုလီ၏ မိဘများ ထံ တယ်လီဖုန်းဆက်ကြည့်သည်။ သူတို့ကလည်း မိုလီ့ကို မတွေ့ကြ။ ပေါ်သည် သူ့အမေထံသို့ ဖုန်းဆက်ကြည့်ပြန်သည်။ ထိုသို့လည်း မိုလီမရောက်။ ဤသို့ဖြင့် သူသည် ရဲကို ဖုန်းဆက်၍ လူပျောက်တိုင်၏ ။ ဇနီးပျောက်ရှာရသည့် အလုပ်မှာ သူတို့၏ နိစ္စဓူဝအလုပ်မျိုး ဖြစ်နေ၍ အားတက်သရောမရှိလှ။

ထို့ကြောင့် ပေါ်သည်သူ့မိန်းမနှင့် သားကို ရှာပုံတော် ဖွင့် ရလေသည်။ သူသည် သူတို့အိမ်ပတ်ဝန်းကျင်ရှိ လမ်းကြိုလမ်းကြားမကျန်ရှာခဲ့သည်။ သူတွေ့သမျှလူတိုင်းအား ရွှေရောင် ဆံပင်ပိုင်ရှင် မိခင် တစ်ယောက် နှင့် ကလေး တစ်ယောက် ကို တွေ့ပါ၏ လောဟု မေးမြန်းခဲ့သည်။ အိမ်နီးချင်း တစ်ယောက် ကတော့ သူ့မိန်းမကိုတွေ့လိမ့်မည် ဟု သူထင်ခဲ့သည်။ သို့သော် အရိပ်အမြွက်မျှပင်မသိခဲ့။ အကြိမ်ကြိမ် လမ်းမှားခဲ့ရသည်။

သူ တူးမြောင်းတစ်ခုနားရောက်တော့ ညနေစောင်းပေပြီ။ ပြာရီမှိုင်းကာ မှုန်ပျနေသည်။ လမ်းမီးတိုင်တွေ က နီကျင်ကျင်။ ရေဆိပ်ဆင်းရာလမ်းတွင် တော့ လူအုပ်ကြီးတစ်အုပ်။ လူတွေ က ရေစပ်တစ်လျှောက်ဝိုင်းပတ်နေသည်။ ရေတွေ က ထိုင်းမှုင်းပျစ်နစ် လျက်။

"ဘာ ဖြစ်တာလဲဗျ"

သူက လူ တစ်ယောက် ကို မေးလိုက်သည်။

"အမျိုး သမီး တစ်ယောက် ဗျာ၊ သူ့ကလေးပွေ့ပြီး ရေထဲ ခုန်ချလို့"

"အဲဒီ အမျိုး သမီးကို တွေ့သလားဗျ"

သူ့ အသံက အေးအေးဆေးဆေး။ မှင်တက်မိသလို ဖြစ်နေ၏ ။

"တွေ့တယ်။ လွန်ခဲ့တဲ့ ဆယ်မိနစ်လောက် သူ့အလောင်းကို ဆွဲတင်ထားပြီ။

တော် တော် နောက်ကျသွားတယ်ဗျာ”

“သူ့အလောင်း ဘယ်မှာ လဲဗျ”

ထိုသူက ရေဆိပ်ဆင်းရာလမ်းထိပ်ရှိ လူအုပ်ကြီးဆီ ညွှန်ပြသည်။ ပေါသည် စောင်အုပ်ထားသော အလောင်းရှိရာဆီသို့ လူအုပ်ကြီး ကိုတိုးကာ လာခဲ့သည်။ ရဲသား တစ်ယောက် ထိုနေရာတွင် စောင့်လျက်။

“ကျွန်တော် ဒီအလောင်းကို ကြည့်ပါရစေဗျာ။ ကျွန်တော့် မိန်းမများ ဖြစ်နေမလားလို့ပါ”

ပေါက ပြောသည်။ ရဲက စောင်ကိုလှပ်ပြလိုက်သော အခါတွင် သူမိုလီ့ကို တွေ့လိုက်ရသည်။

“စိတ်ကို ငြိမ်ငြိမ်ထားပါ။ ဒါလေးသောက်လိုက်”

တစ်စုံ တစ်ယောက် က သူ့ကိုလက်ဖက်ရည်တစ်ခွက်ပေးသည်။ သူ တစ်ကျိုက်တည်း မော့ချလိုက်သည်။

“ကျွန်တော့် သားကော သားလေး”

ရဲသားက ရေပြင်သို့ ခေါင်းဆက်ပြသည်။ ထိုစဉ်ရုတ်တရက်ပင် သူသည် ကလေးငိုသံတစ်ခုကိုကြားလိုက်ရသည်။

“လူအများ အဖို့ ကလေးသိုသံသည် ဘာမျှထူးခြားသော ကလေးငိုသံ ဖြစ်နေသော်လည်း မိမိကလေး၏ အသံကိုမူ မိန်းမရောက်လာတာပဲ။ သူမက ကျွန်မလက်ထဲကိုဒီကလေးကိုထိုးထည့်ပြီးရေထဲထိုးဆင်းတော့တာပဲ။ ကျွန်မ ဆွဲချိန်တောင် မရလိုက်ဘူးရှင့်။ ဒီနားမှာ က တခြားဘယ်သူမှလဲရှိတာမဟုတ်ဘူး။ ဒီတင် ကျွန်မလဲ အော်ဟစ်ပြီး အကူအညီတောင်းခဲ့တယ်။ ရဲသားကြီး ရောက်လာတော့မှအကြောင်းစုံ ပြောပြလိုက်ရတယ်” ဟု မိန်းကလေးက ပြောသည်။ အ ဖြစ်အပျက်များ မှာ ထူးဆန်းနေဆဲပင် ဖြစ်သည်။ ပဟေဠိဆန်နေဆဲပင် ဖြစ်သည်။

"ဒီလူတွေ ကကောဘာကြောင့် အခုချိန်အထိ ရေထဲဝိုင်းကြည့်နေကြတာလဲ"

ပေါက မေးသည်။ ထိုအခါ မိန်းကလေးက

"သူတို့ တခြားကလေး တစ်ယောက် ကို ရှာနေကြတာလေ၊ ဆံပင်တွေ ခွေဝဲကျနေတဲ့ ကောင်းလေး တစ်ယောက် ။ အဲဒီ မိန်းကလေးရေထဲခုန်ချတော့ ဒီကလေးလေးကို ပွေ့လျက်သားနဲ့ ခုန်ချသွားတာလေ၊ တော် တော့် ကို တုန်လှုပ်ချောက်ချားစရာကောင်းတာပဲ။ ဒီကလေးကကော ရှင့်သားပဲလားဟင်" ဟုမေးသည်။

ပေါက အံ့အားသင့်ကာ ကြက်သေသေနေရာမှ

"ဟုတ်တယ် သူလည်းငါ့သားပါပဲကွာ" ဟူ၍ ဆွေးမြည့် အက်ကွဲသံဖြင့် ဖြေလိုက်လေသည်။

စိုးထိုက်

London Mystery စာအုပ်ပါ Rosemary Timperley ၏

he Other Little Boy ကို ဘာသာပြန်ဆိုပါသည်။

*